MTSH Myanmar Thilawa SEZ Holdings Public Limited
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအထွေထွေအစည်းအဝေးနှင့် ပဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသော အထူးအထွေထွေအစည်းအဝေးနှင့် ပဋ္ဌမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆောင်ရွက်မည့်ကိစ္စများ အသိပေးကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည့် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ပြုလုပ်ခဲ့သော ကုမ္ပဏီ၏ အထူးအထွေထွေအစည်းအဝေးနှင့် ပဋ္ဌမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များမှ သဘောတူဆုံးဖြတ်ခဲ့ကြောင်း ၂-၁၀-၂၀၁၈ ရက်နေ့တွင် အသိပေးကြေညာပြီးဖြစ်သော်လည်း (၁၃-၁၀-၂၀၁၈)နေ့ MTSH ၏ (၂/၂၀၁၈-၁၉) BOD အစည်းအဝေး ဆုံးဖြတ်ချက်အရ အသိပေးကြေညာချက်အား ပို၍ပြည့်စုံအောင် ထပ်မံဖြည့်စွက်ပြင်ဆင်ခြင်းဖြစ်ပါသည်။

| အထူးဆုံးဖြတ်ချက် | ရလာဒ် |
|---|---|
| ၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အသစ်ပြန်လည်ရေးဆွဲထားသည့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် (MTSH) ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား အတည်ပြုရန်။ | အတည်ပြုသည် |

| သာမန်ဆုံးဖြတ်ချက်များ | ရလာဒ် |
|---|---|
| ၁။ ကုမ္ပဏီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရှင်းတမ်း၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ နှင့် စာရင်းစစ်အစီရင်ခံစာများအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၂။ ကုမ္ပဏီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီမှ အဆိုပြုထားသော အမြတ်ဝေစု ခွဲဝေခြင်းအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၃။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အသားတင်အမြတ်ငွေ၏ (၁) ရာခိုင်နှုန်းကို စက်တင်ဘာလ (၂၈) ရက်နေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား ခွဲဝေပေးရန်။ | အတည်ပြုသည် |
| ၄။ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား ရွေးချယ်ခန့်အပ်ရန်။ | အတည်ပြုသည် |

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၁၇၃(ခ) အရ ဒါရိုက်တာဦးရေ သုံးပုံတစ်ပုံ - အလှည့်ကျ အငြိမ်းစားယူ/နုတ်ထွက်ရန် သက်တမ်းစေ့သည့် ဒါရိုက်တာများဖြစ်သော ဦးထွန်းလွင်၊ ဦးဉာဏ်သစ်လှိုင်၊ ဦးညီခင် တို့ နုတ်ထွက်ကြပြီး ပြန်လည် အရွေးခံကြပါသည်။
ၾင်းတို့အနက် ဦးထွန်းလွင်၊ ဦးဉာဏ်သစ်လှိုင်တို့သည် ဒါရိုက်တာအဖြစ် ပြန်လည် အရွေးချယ်ခံရပြီး အသစ် ရွေးချယ်ခံသူများအနက်မှ ဦးမြင့်ဇော်သည် ဒါရိုက်တာအဖြစ် ရွေးချယ်ခံခဲ့ရပါသည်။

(ခ)	အလှည့်ကျ အငြိမ်းစားယူ/နုတ်ထွက်ရန် သက်တမ်းမစေ့သေးသော်လည်း ဆန္ဒအလျောက်နုတ်ထွက်ပြီး၊ ပြန်လည်အရွေးခံရသူများမှာ ဦးဝင်းအောင်နှင့် ဦးသိမ်းဝေတို့ဖြစ်ကြပါသည်။

(ဂ)	အငြိမ်းစားယူ/နုတ်ထွက်ခြင်းမပြုသော လက်ရှိအစုရှယ်ယာရှင် ဒါရိုက်တာများမှာ ဦးခင်မောင်အေး၊ ဦးသိန်းဟန်၊ ဦးအောင်စိုးသာ နှင့် ဦးတင်မောင်လှိုင်တို့ ဖြစ်ကြပါသည်။

(ဃ) ထို့ကြောင့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် တာဝန်ယူမည့် အစုရှယ်ယာရှင် ဒါရိုက်တာများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

၁။ ဦးဝင်းအောင်
၂။ ဦးခင်မောင်အေး
၃။ ဦးသိမ်းဝေ
၄။ ဦးသိန်းဟန်
၅။ ဦးအောင်စိုးသာ
၆။ ဦးထွန်းလွင်
၇။ ဦးဉာဏ်သစ်လှိုင်
၈။ ဦးတင်မောင်လှိုင်
၉။ ဦးမြင့်ဇော်

၅။	လွတ်လပ်သောဒါရိုက်တာများနှင့် ပတ်သက်၍ ကုမ္ပဏီ၏ ၂၅.၉.၂၀၁၈ ရက်နေ့ နှင့် ၂၇.၉.၂၀၁၈ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇/၂၀၁၈) ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အများစုသော အစုရှယ်ယာရှင် ဒါရိုက်တာများ နုတ်ထွက်၍ ပြန်လည်အရွေးခံရန် သဘောတူညီခဲ့ကြသဖြင့် ကုမ္ပဏီ၏အကျိုးအတွက် တာဝန်ထမ်းဆောင်ဆဲလွတ်လပ်သော ဒါရိုက်တာ (၃) ဦးတို့အား (၂၀၁၈-၂၀၁၉) ခုနှစ်အတွက် လွတ်လပ်သော ဒါရိုက်တာများအဖြစ် ဆက်လက်တာဝန်ယူပေးရန် ဒါရိုက်တာအဖွဲ့အစည်းအဝေး တက်ရောက်သူများအားလုံးမှ အဆိုပြုသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA)၏ ၉.၁၀.၂၀၁၈ နေ့စွဲပါ စာအမှတ်၊ ရကဘ၁၀/ ၁/၂၀၁၈ (၁၀၀၄၅)အရ အတည်ပြုချက် ရယူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆက်လက်တာဝန်ပေးအပ်ခြင်းခံရသည့် လွတ်လပ်သော ဒါရိုက်တာများမှာ -

၁။	ပါမောက္ခဒေါက်တာ အောင်ထွန်းသက်
၂။	ဦးတင်ထွဋ်ဦး
၃။	ဦးအောင်ညွန့် တို့ဖြစ်ကြပါသည်။

၆။	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်အဖြစ် ဝင်းသင်နှင့်အဖွဲ့ အတည်ပြုသည် စာရင်းစစ်များအား စာရင်းစစ်ခန့်အပ်ခြင်းအား အတည်ပြုရန်။

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး၌ အစုရှယ်ယာရှင်များက အတည်ပြုခဲ့ကြသည့်အတိုင်း အစုရှယ်ယာ တစ်စုလျှင် အမြတ်ဝေစု ကျပ် (၂၃၀) အား အစုရှယ်ယာရှင်များသို့ ထုတ်ဝေပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လိုင်စင်ရငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီတွင် စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် အဆိုပါ အမြတ်ဝေစုကို မိမိတို့စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံကုမ္ပဏီများထံမှ တစ်ဆင့် ၁၇-၁၀-၂၀၁၈ နေ့တွင် လက်ခံရရှိမည် ဖြစ်ပါသည်။ ငွေချေးသက်သေခံ လက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသည့် အစုရှယ်ယာရှင်များကို မိမိတို့ အမြတ် ဝေစုများအား သက်ဆိုင်ရာ ဘဏ်ခွဲအသီးသီးများမှတစ်ဆင့် Pay-Order Cheque "P.O. Cheque" ဖြင့် ပေး မည်ဖြစ်ပါသည်။ ထုတ်ယူရမည့် နေ့ရက်နှင့် ဘဏ်ခွဲများစာရင်းကို ၂၀၁၈ခုနှစ် အောက်တိုဘာလ (၉)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားပြီးဖြစ်ပါသည်။

အောင်စိုးသာ
အုပ်ချုပ်မှုဒါရိုက်တာ